(၂) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပြီးပေးပို့သော လျှောက်လွှာများ၊ သတ်မှတ်ချက်မပြည့်စုံသောလျှောက်လွှာများ၊ သက်ဆိုင်ရာဌာနအကြီးအမှူးမှတစ်ဆင့်လျှောက်ထားခြင်းမရှိသော လျှောက်လွှာများကို လုံးဝ(လုံးဝ) လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ လျှောက်လွှာနှင့်အတူ ပေးပို့ရမည့်အချက်များ -

(က) ကိုယ်ရေးရာဇဝင်အပြည့်အစုံ

(ခ) ဝန်ထမ်းစိစစ်ရေးကတ်မိတ္တူနှင့်ဝန်ထမ်းကိုယ်ရေးကတ်မိတ္တူမှန်

(ဂ) အခြေခံပညာအထက်တန်း(သို့)တက္ကသိုလ်ဝင်တန်း(က)အဆင့်အောင်လက်မှတ် (မိတ္တူမှန်)

(ဃ) (၆)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံတစ်ပုံကို လျှောက်လွှာတွင် ကပ်ပြီး အပို(၂)ပုံ၏ ကျောဘက်တွင် အမည်နှင့်မှတ်ပုံတင်အမှတ် ရေးသားရန်။

(င) လက်ရှိတာဝန်ထမ်းဆောင်နေကြောင်း သက်ဆိုင်ရာဌာနအကြီးအမှူး၏ ထောက်ခံစာမူရင်း

၅။ သင်တန်းဝင်ခွင့်အတွက် ရေးဖြေ/နှုတ်ဖြေစာမေးပွဲများဖြင့် စစ်ဆေးရွေးချယ်ပါမည်။

၆။ ဝင်ခွင့်စာမေးပွဲဖြေဆိုခြင်း

သင်တန်းဝင်ခွင့်အရည်အချင်းစစ် ရေးဖြေစာမေးပွဲကို ( ၁၈- ၁၁ -၂၀၁၉ )ရက် ( တနင်္လာနေ့ )တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ အောက်ဖော်ပြပါအစီအစဉ် အတိုင်းကျင်းပပြုလုပ်မည်။

(သီးခြား အကြောင်းကြားစာပေးပို့မည်မဟုတ်ပါ။)

| စဉ် | စစ်ဆေးမည့်အချိန် | ဘာသာရပ် | မေးခွန်းပုံစံ |
|---|---|---|---|
| ၁ | နံနက်ပိုင်း<br>(၀၉:၀၀)နာရီမှ<br>(၁၁:၀၀)နာရီအထိ | မေးခွန်းလွှာ(၁)<br>Basic Laboratory Techniques<br>Basic Radiography & Anatomy | MCQ |
| ၂ | ညနေပိုင်း<br>(၁၃:၀၀)နာရီမှ<br>(၁၅:၀၀)နာရီအထိ | မေးခွန်းလွှာ(၂)<br>English | Objective Type |

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ( ၁၅- ၁၁- ၂၀၁၉ )ရက်( သောကြာနေ့ ) တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၌ ထုတ်ပေးမည်။

Web

၈။ လူတွေ့နှုတ်ဖြေစစ်ဆေးမည့်ရက်ကို လူတွေ့နှုတ်ဖြေ ဖြေဆိုခွင့်ရရှိသူများစာရင်း ထုတ်ပြန်ကြေညာသည့် အခါတွင် ဖော်ပြပါမည်။

၉။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပြီး သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်သော်လည်းကောင်း၊ သင်တန်းပြီးဆုံးအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ်ဆက်လက်တာဝန်ထမ်းဆောင်ခြင်းမရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသော သင်တန်းလျော်ကြေးငွေ (၄၀၀၀၀၀)(ကျပ်လေးသိန်းတိတိ)ကို ပေးလျော်မည်ဖြစ်ကြောင်း ကတိခံဝန်ချုပ် ချုပ်ဆိုရမည်ဖြစ်သည်။

၁၀။ သင်တန်းတက်ရောက်မည့်သူများသည် ဝန်ထမ်းများဖြစ်သဖြင့် သင်တန်းတက်နေစဉ် ကာလအတွင်း လစာအပြည့်ဖြင့် တာဝန်ထမ်းဆောင်ချိန် (On Duty) သတ်မှတ်ပေးမည်။

၁၁။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဆေးဘက်ဆိုင်ရာနည်းပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေး ၁၀၀၀/ (ကျပ်တစ်ထောင်တိတိ)ကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ အင်းစိန်တွင် ဖွင့်လှစ်ထားသော MD-011670 သို့ ပေးသွင်းရမည်။

(မှတ်ချက်။ ။ မြို့နယ်စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် အင်းစိန်တွင် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ငွေစာရင်းအမှတ် MD-011670 သို့လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)

၁၂။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ဖုန်းနံပါတ် (၀၁-၆၄၅၇၅၃၊ ၀၁-၆၄၅၇၄၆)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ website-www.umty.gov.mm သို့လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(ပါမောက္ခဒေါက်တာအေးအေးခင်)
ခေတ္တပါမောက္ခချုပ်
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်
ရန်ကုန်

ကြော်ငြာသင်ပုန်းများအားလုံး။
မိတ္တူကို-
၁။ ရုံးလက်ခံ။
၂။ မျှောစာတွဲ။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

ဆေးဘက်ဆိုင်ရာ(ဓာတ်ခွဲနည်းပညာ၊ ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)(ပေါင်းကူး)သင်တန်းများအတွက်

ဝင်ခွင့်လျှောက်လွှာ

၁ အမည်အပြည့်အစုံ (မြန်မာ/အင်္ဂလိပ်)

၂ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

၃ အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

၄ မွေးသက္ကရာဇ်

၅ ပညာအရည်အချင်း

၆ (က) လုပ်သက်/အလုပ်စတင်ထမ်းဆောင်သည့်နေ့ရက်
(လစာမဲ့ခွင့်မပါ)

(ခ) အမှုထမ်းသက်မှတ်တမ်းအကျဉ်း

(ဂ) လက်ရှိရာထူးနှင့်တာဝန်ထမ်းဆောင်သည့်ဌာန

၇ အဖအမည်အပြည့်အစုံ

၈ အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

၉ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ/ဖုန်းနံပါတ်

လျှောက်ထားသူလက်မှတ် -

အမည် -

ရာထူး -

ဌာန -